Karenni National Progressive Party (KNPP)
Headquarters
P.O Box-6, A. Muang, Mae Hong Son 58000, Thailand Email: knpphq2013@gmail.com
Mobile Phone: G.S: +66(0) 8 9553 1296, S.1: +66(0) 6 1313 7004, S.2: +66(0) 6 3074 9087

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)၊ ပါတီဥက္ကဋ္ဌ ခူဦးရယ် ၏

၂၀၂၃ ခုနှစ် နှစ်သစ်နှုတ်ခွန်းဆက် သဝဏ်လွှာ

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်

ဤ ၂၀၂၃ ခုနှစ်၊ နှစ်သစ်သည် ကရင်နီပြည်နှင့် ဗမာပြည်သူများအပါအဝင် ကမ္ဘာသူ ကမ္ဘာသားများအားလုံးအတွက် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံသော မင်္ဂလာနှစ်သစ် ဖြစ်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ရှေးဦးစွာ ပြောကြားလိုသည်မှာ မိမိအနေဖြင့် နှစ်ပေါင်းများစွာ အာဏာရှင်စနစ်ဆိုး၏ အကြမ်းဖက် ညှင်းပန်းနှိပ်စက်မှု များစွာအောက်တွင် အသက်၊ အိုးအိမ်၊ စည်းစိမ်များ ထိခိုက်နစ်နာသေကြေပျက်စီးဆုံးရှုံးခဲ့ရသော ကရင်နီပြည်မှ ရဲဘော်ရဲဘက်များ၊ လူငယ်မောင်မယ်များ၊ လူထုများနှင့် ထပ်တူထပ်မျှ ဝမ်းနည်း ပူးဆွေး ကြေကွဲသော နှလုံးသားနှင့်အတူ ခိုင်မာသော သံန္နိဋ္ဌာန်တို့ဖြင့် ရပ်တည်၍ မပြီးဆုံးသေးသည့် တော်လှန်ရေးခရီးကြမ်းကို ယနေ့အထိတိုင် ဆက်လက် လျှောက်လှမ်းလျက် ရှိပါသည်။ မိမိတို့ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) အနေဖြင့်လည်း လူထုထဲမှ ပေါက်ဖွားလာခဲ့သည့် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း ဖြစ်သကဲ့သို့ ဤတော်လှန်ရေး သမိုင်းကြောင်းသည်လည်း ကရင်နီလူထုတို့၏ သမိုင်းကြောင်းပင် ဖြစ်ပါသည်။ မိမိဖြတ်သန်းလာခဲ့သည့် ဆယ်စုနှစ် ငါးစုနီးပါးမှ ဤတော်လှန်ရေးခရီးကြမ်းတလျှောက်လုံးတွင် အခက်အခဲ၊ ဒုက္ခဆင်းရဲ၊ စိန်ခေါ်မှု မြောက်များစွာကို လူထုများနှင့်အတူ ကောင်းတူဆိုးဖက် ရင်ဆိုင်ကျော်ဖြတ်ခဲ့သည်မှာလည်း ယခု လူထုတော်လှန်ရေးအထိပင် ဖြစ်ပါသည်။ ကရင်နီပြည်သူလူထုများနှင့် နိုင်ငံတဝှမ်းလုံးရှိ ပြည်သူလူထုများအတွက် ထုထည်ကြီးမားနေသည့် ကဏ္ဍအသီးသီးမှ လိုအပ်ချက်များအတွက်သော်လည်းကောင်း၊ စစ်မှန်သည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက်သော်လည်းကောင်း၊ နိုင်ငံတဝှမ်းလုံးမှ ခေါင်းဆောင်များနှင့်အတူ နိုင်ငံတကာခေါင်းဆောင်များ၊ အဖွဲ့အစည်းများနှင့် နွေညမပြတ် ပေါင်းစပ်ညှိနှိုင်းကာ လူထုတစ်ရပ်လုံးကို မျက်နှာမူလျက် ကျောချင်းကပ်၊ ရင်ချင်းအပ်ပြီး အဆုံးသတ်တိုက်ပွဲ ဆင်နွှဲကြရမည့် တော်လှန်ရေးကြီး ဖြစ်ပါသည်။

ယခုကာလတွင် ရက်စက်ကြမ်းကြုတ်သည့် စစ်အာဏာရှင်အပါအဝင် အာဏာရှင်စနစ် မှန်သမျှကို ရဲရဲဝံ့ဝံ့ တွန်းလှန်ကာ အနာဂါတ်ကို ပုံဖော်ကြမည့် လူငယ်များနှင့် လူထုတစ်ရပ်လုံးက အသက်၊ သွေး၊ ချွေး ပေးဆပ်ရင်း အရှိန်အဟုန် မြင့်မားစွာ ပါဝင်ဆင်နွှဲလာကြသည့် ဤလူထုတော်လှန်ရေးသည် လာမည့် အဆက်ဆက်သော တိုင်းပြည်အနာဂါတ်သစ်၏ ပြယုဂ်ပင် ဖြစ်သည်။ ဤထူးခြားသည့် သမိုင်းဝင် လူထုတော်လှန်ရေးကြီးတွင် နည်းလမ်းပေါင်းစုံမှ ပါဝင် စွန့်လွှတ် အနစ်နာခံ ပေးဆပ်ခဲ့ကြရသည့် မိဘပြည်သူ လူငယ်မောင်မယ်၊ ရဲဘော်ရဲဘက်များအားလုံးကို အထူးလေးစား ဂုဏ်ယူရင်း ဦးညွှတ်အလေးပြုပါကြောင်းလည်း အသိပေးလိုပါသည်။

ဤကြမ်းတမ်းခက်ထန်သော တော်လှန်ရေးခရီးကြီးတွင် ရင်ဆိုင်ကျော်ဖြတ်ရသည့် ဆင်းရဲဒုက္ခပေါင်း များစွာတို့အပေါ် မလျှော့သည့် ဖွဲလုံ့လနှင့် အန်တုရင်း အဆုံးမရှိသော မနက်ဖန်နေ့ရက်များ လုပသာယာစေရေးအတွက် အတူပါဝင်ယှဉ်တွဲပုံဖော်ကြသည့်အတွက်လည်း လေးစားဂုဏ်ယူ အသိအမှတ်ပြုပါသည်။

ဤ ၂၀၂၃ နှစ်သစ်နှင့်အတူ သမိုင်းတလျှောက်တွင် အထူးခြားဆုံးသော စည်းလုံးညီညွတ်မှု၊ မတူကွဲပြားမှုများ၏ စုစည်းမှုအောက်မှ အားနည်းချက်များကို ဆင်ခြင်သုံးသပ် ပြုပြင် ထိန်းကျောင်းရင်း အားသာချက်များဖြင့် အတူတကွ ပေါင်းစပ်ရင်း ခွန်အားသစ်လောင်းလျက် မိမိတို့ လိုလားတောင်းတသည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီး ပီပြင်စွာ အမြန်ဆုံး ပုံဖော်နိုင်ရေးအတွက် ပန်းတိုင်အရောက် အတူတကွ ဆက်လက် လျှောက်လှမ်းကြပါစို့ဟု ဤနှစ်သစ်အခါသမယတွင် နှုတ်ခွန်းဆက်သ ဆုတောင်း မေတ္တာ ပို့သအပ်ပါသည်။

ခူဦးရယ်

ဥက္ကဋ္ဌ

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)